# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၆/ ၂၀၂၄)　　　　　　　　　　　　　　　　　　　　၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၂၉) ရက်

| ၂၉ - ၈ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၂၈.၆ |
| စင်္ကာပူဒေါ်လာ | ၁,၆၁၃.၀ |
| စတာလင်ပေါင် | ၂,၇၇၀.၈ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၅၁.၃ |
| တရုတ်ယွမ် | ၂၉၅.၅၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၂၅ |
| အိန္ဒိယရူပီး | ၂၅.၀၃၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၇.၃၉ |
| မလေးရှား ရင်းဂစ် | ၄၈၅.၇၇ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၃၄၇ |
| ထိုင်းဘတ် | ၆၁.၇၉၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၃၈၈ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ပဲတီစိမ်းနှင့် နေကြာစေ့ကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း MSP ဖြင့် ဝယ်ယူရန် အိန္ဒိယအစိုးရ အတည်ပြု

➢ ဂျပန်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ ၁၁ နှစ်အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိလျက်ရှိ

➢ မလေးရှားနိုင်ငံမှ ပထမအသုတ် ဒူးရင်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်လာ

➢ တရုတ်နိုင်ငံသည် ကမ္ဘာ့ကော်ဖီလုပ်ငန်းတွင် ထွန်းသစ်စကြယ်တစ်ပွင့်ဖြစ်လာ

➢ တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂမှ တင်သွင်းလာသော နို့ထွက်ပစ္စည်းများအပေါ် anti-subsidy ဆိုင်ရာစုံစမ်းစစ်ဆေးမှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများနှင့်အညီ ပြုလုပ်မည်

- **အထွေထွေသတင်းများ**

➢ ကမ္ဘောဒီးယားနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမ (၇) လတွင် (၄၅.၆)ရာခိုင်နှုန်းတိုးလာ

➢ တရုတ်နိုင်ငံသည် ကနေဒါနိုင်ငံမှ လျှပ်စစ်ကားများအပေါ် သွင်းကုန်ခွန်တိုးမြှင့်ခြင်းကို ပြတ်ပြတ်သားသား ကန့်ကွက်

➢ တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းများကို အဟောင်းပေးအသစ်ယူသည့် အစီအစဉ်သည် စားသုံးသူဈေးကွက်ကို တွန်းအားဖြစ်စေ

➢ တရုတ်နိုင်ငံသည် လျှပ်စစ်မော်တော်ယာဉ်(EV)အပေါ် ဥရောပသမဂ္ဂ၏ အခွန်စည်းကြပ်မှုကို ပြတ်ပြတ်သားသား ဆန့်ကျင်

# ပဲတီစိမ်းနှင့် နေကြာစေ့ကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း MSP ဖြင့် ဝယ်ယူရန် အိန္ဒိယအစိုးရ အတည်ပြု

အိန္ဒိယနိုင်ငံတွင် ဈေးနှုန်းပံ့ပိုးမှုအစီအစဉ်အရ ပဲတီစိမ်းနှင့် နေကြာစေ့များကဲ့သို့သော ခါရစ် (မိုးရာသီ) သီးနှံများဝယ်ယူခြင်းကို Karnataka ပြည်နယ်တွင် စတင်ရန် စီစဉ်ထားပြီး ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံကို ဝယ်ယူရန် ဗဟိုအစိုးရမှ အတည်ပြုပေးခဲ့ကြောင်း သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ခါရစ်ရာသီအတွက် Karnataka ပြည်နယ်မှ ပဲတီစိမ်းကို အများဆုံး ၂၂၂၁၅ တန် ဝယ်ယူရေးအတွက် ဈေးနှုန်းပံ့ပိုးမှု အစီအစဉ် (Price support scheme- PSS) ကို အကောင်အထည်ဖော်ရန် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၂ ရက်တွင် ခွင့်ပြုချက်ပေးခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၇ ရက်က ဖော်ပြသည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ခါရစ်ရာသီအတွက် ပဲတီစိမ်းကို ၁ ကွင်တယ် (၁၀၀ ကီလို ဂရမ်) လျှင် အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSP) ရူပီး ၈၆၈၂ သတ်မှတ်ဝယ်ယူသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် အနိမ့်ဆုံး ပံ့ပိုးမှုဈေးနှုန်း (MSP) ရူပီး ၇၂၈၀ ဖြင့် နေကြာစေ့ ၁၃၂၁၀ တန်ကို ဝယ်ယူရန်လည်း အတည်ပြုခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ပဲတီစိမ်း အဓိကစိုက်ပျိုးရာဒေသဖြစ်သော Karnataka ပြည်နယ် မြောက်ပိုင်းတွင် သီးနှံအသစ်များသည် ဈေးကွက်သို့ ဝင်ရောက်လာမှုကြောင့် ပဲတီးစိမ်းဈေးနှုန်းများ MSP အဆင့်အောက်သို့ ကျဆင်းလျက်ရှိသည့်အတွက် တောင်သူများအကြား စိုးရိမ်မှုများ ဖြစ်ပေါ်စေခဲ့သည်။ လွန်ခဲ့သော တစ်ပတ်ခန့်က ဈေးကွက်အသီးသီး၌ ဖြစ်ပေါ်လျက်ရှိသော ပဲတီစိမ်း၏ ပျမ်းမျှဈေးနှုန်းများမှာ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၅၉၀၀ မှ ၆၆၀၀ အတွင်းရှိပြီး MSP အောက်သို့ ကျဆင်းလျက်ရှိကြောင်း သိရသည်။

ယင်းသို့ အစိုးရမှ ဝယ်ယူရန် ထုတ်ပြန်ကြေငြာခဲ့ပြီးနောက် ပဲတီစိမ်းဈေးနှုန်း သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရသည်။ ယခုလ ၂၆ ရက်နေ့က ဒေသတွင်းအကြီးဆုံး ပဲတီစိမ်းဈေးကွက်ဖြစ်သော Gadag APMC ရှိ ပဲတီးစိမ်းရည်ညွှန်းဈေးနှုန်းသည် ၁ ကွင်တယ်လျှင် ရူပီး ၇၁၃၂ သို့ မြင့်တက်ခဲ့ပြီး၊ ဩဂုတ်လ ၂၃ ရက်နေ့နှင့် ၂၀ ရက်နေ့တို့က ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများဖြစ်သည့် ရူပီး ၆၂၉၃ နှင့် ရူပီး ၆၆၁၇ တို့နှင့် နှိုင်းယှဉ်ကြည့်လျှင် သိသိသာသာမြင့်တက်လာခဲ့သည်။ Gadag ဈေးကွက်သို့ ပဲတီစိမ်းများ ပျမ်းမျှတန်ချိန် ၁၀၀၀ မှ ၁၅၀၀ အထိ နေ့စဉ်ဝင်ရောက်လာလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်း စိုက်ပျိုးထွက်ရှိမှုသည် (၆၀) ရက် သို့မဟုတ် အချိန် ၂ လခန့်သာ ကြာမြင့်သည့်အတွက် ခါရစ် (မိုး) သီးနှံများကြားတွင် အစောဆုံးရိတ်သိမ်းရသည့်လုပ်ငန်းဖြစ်သည်။ အိန္ဒိယစိုက်

Agribusiness & Trade

ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ယခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့အထိ ခါရစ် (မိုးရာသီ) တွင် နိုင်ငံတစ်ဝှမ်း၌ ပဲတီစိမ်းစိုက်ဧရိယာ ဟက်တာ ၃၃ ဒသမ ၂၄ သိန်းခန့် စိုက်ပျိုးပြီး၊ ယခင်နှစ် ကာလတူက ဟက်တာ ၃၀ ဒသမ ၂၆ သိန်းသာ စိုက်ပျိုးခဲ့သည့်အတွက် တိုးတက်လာခဲ့ကြောင်း သိရသည်။

ခါရစ်ရာသီတွင် Karnataka ပြည်နယ်နှင့် Maharashtra ပြည်နယ်တို့ပြီးလျှင် Rajasthan ပြည်နယ်သည် ပဲတီစိမ်း အများဆုံးထုတ်လုပ်သော ပြည်နယ်တစ်ခုဖြစ်သည်။ ၎င်းပြည်နယ်တွင် လွန်ခဲ့သောနှစ်က ပဲတီစိမ်း စိုက်ပျိုးဧရိယာ ဟက်တာ ၂၀ ဒသမ ၅၃ သိန်းသာ ရှိခဲ့ရာမှ ယခုနှစ် ခါရစ်ရာသီ ဩဂုတ်လ ၁၆ ရက်နေ့အထိ ဟက်တာ ၂၂ ဒသမ ၀၅ သိန်း စိုက်ပျိုးထားရှိကြောင်း သိရသည်။ Karnataka ပြည်နယ်တွင် လွန်ခဲ့သောနှစ်က ပဲတီစိမ်းစိုက်ပျိုးဧရိယာ ဟက်တာ ၁ ဒသမ ၇၃ သိန်းကျော်ရှိခဲ့ပြီး၊ ယခုနှစ်တွင် ဟက်တာ ၄ ဒသမ ၃၅ သိန်း စိုက်ပျိုးထားရှိသည့်အတွက် နှစ်ဆကျော် တိုးလာခဲ့သည်။ လွန်ခဲ့သည့်နှစ်က Karnataka ရှိ ပဲတီစိမ်း စိုက်ပျိုးသောဒေသများ၌ မိုးခေါင်ရေရှားမှုအခြေအနေများကြုံတွေ့ခဲ့ရသည့်အတွက် ပဲတီးစိမ်း စိုက်ပျိုးထွက်ရှိမှုအပေါ် များစွာထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။ Maharasthra ပြည်နယ်တွင်လည်း ပဲတီစိမ်းစိုက်ဧကသည် လွန်ခဲ့သောတစ်နှစ်က ဟက်တာ ၁ ဒသမ ၇၃ သိန်း သာရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၂ ဒသမ ၃ သိန်းသို့ တိုးတက်လာသည်ကို တွေ့ရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ခါရစ် (မိုးရာသီ) သီးနှံများဖြစ်သော ပဲတီစိမ်းနှင့် နေကြာစေ့တို့ကို အစိုးရမှ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSP) ဖြင့်ဝယ်ယူပေးမည်ဟု အတည်ပြုထုတ်ပြန်ခဲ့သည့်အတွက် ပြည်တွင်းပဲတီစိမ်းဈေးနှုန်းများ အတက်ဖက်သို့ ပြသလျက်ရှိပါသည်။ ထို့အပြင် အဓိက ပဲတီစိမ်း စိုက်ပျိုးရာ Karnataka ပြည်နယ်၊ Maharashtra ပြည်နယ်နှင့် Rajasthan ပြည်နယ်တို့တွင် ပဲတီစိမ်းစိုက်ဧရိယာများ ယခင်နှစ်ကထက် တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ ကြောင့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံတို့ကိုသာ အဓိကထားတင်ပို့သွား ရန်ရှိပြီး၊ ပဲတီစိမ်းတင်ပို့နိုင်မည့် အခွင့်အလမ်းနည်းပါးဦးမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Karnataka: Centre approves procurement of moong, sunflower seeds at MSP, August 27, 2024

…………………………………………………………………………………………

## ဂျပန်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ ၁၁ နှစ်အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိလျက်ရှိ

၂၀၂၃ ခုနှစ်တွင် အပူချိန်မြင့်တက်ခဲ့ခြင်းကြောင့် ဆန်အရည်အသွေးနှင့် အထွက်နှုန်းကျဆင်းခဲ့သဖြင့် ၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဆန်ဈေးနှုန်းမှာ ၁၁ နှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ပါသည်။

အဆိုပါသတင်း၌ ဂျပန်နိုင်ငံတွင် လယ်သမားများမှ စိုက်ပျိုးထားသည့် ဆန်များကို ဂျပန်စိုက်ပျိုးရေးသမဝါယမ (Japan Agricultural Cooperatives-JA) မှ စုစည်းဝယ်ယူပြီး လက်ကားဒိုင်များမှတစ်ဆင့် အရောင်းစင်တာကြီးများ၊ စားသောက်ဆိုင်များနှင့် အခြားသောဝယ်ယူသူများထံသို့ ဖြန့်ဝေကြောင်း၊ ဂျပန်စိုက်ပျိုးရေးသမဝါယမမှ လက်ကားဒိုင်များသို့ ရောင်းချသည့် ဆန်ဈေးနှုန်းမှာ ဆန်၏ စံသတ်မှတ်ဈေးနှုန်းဖြစ်ပြီး၊ အဆိုပါဈေးနှုန်းကို ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ လစဉ်ထုတ်ပြန်ကြေညာကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏ ကနဦးထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ဆန်ကြမ်း ၆၀ ကီလိုဂရမ် ဈေးနှုန်းမှာ ၁၅,၆၈၅ ယန်း ရှိခဲ့ကြောင်းနှင့် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၁၁ နှစ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လကုန်တွင် ပုဂ္ဂလိက၏ ဆန်သိုလှောင်မှုပမာဏမှာ ၁.၅၆ သန်းတန်ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကြောင်း၊ ဆန်သိုလှောင်မှုဆိုင်ရာ အချက်အလက်များ စတင်ပြုစုခဲ့သည့် ၁၉၉၉ ခုနှစ်မှစတင်၍ ပုဂ္ဂလိက၏ ဆန်သိုလှောင်မှုပမာဏ အနည်းဆုံးဖြစ်ခဲ့ကြောင်း ဖော်ပြထားပါသည်။ လူဦးရေကျဆင်းလာမှု အပါအဝင် အခြားသော အကြောင်းအရာများကြောင့် ဂျပန်နိုင်ငံ၏ ဆန်ဝယ်လိုအားမှာ နှစ်စဉ် တန်ချိန် ၁ သိန်းနီးပါး ကျဆင်းလျက် ရှိကြောင်း၊ သို့သော် ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ ၁ နှစ်တာ ကာလအတွင်း ဆန်ဝယ်လိုအားမှာ တန်ချိန် ၁၁၀,၀၀၀ မြင့်တက်ခဲ့ပြီး၊ စုစုပေါင်းတန်ချိန် ၇.၀၂ သန်း ရှိခဲ့ကာ၊ ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ ဆန်ဝယ်လိုအား မြင့်တက်ခဲ့ရခြင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် ဝယ်လိုအား ပြန်လည်ကောင်းမွန်လာခြင်းနှင့် ဂျပန်နိုင်ငံသို့ လာရောက်ခဲ့သည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေဖြင့် ဆန်စားသုံးမှု များပြားခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

ဂျပန်နိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် လာရောက်ခဲ့မှုကြောင့် ဆန်ဝယ်လိုအား များပြားနိုင်မှုအပေါ် ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခန့်မှန်း

Agribusiness & Trade

တွက်ချက်ခဲ့ကြောင်း၊ ညော့သည်တစ်ဦးအနေဖြင့် တစ်ကြိမ်လျှင် ၇၈ ဂရမ်နှုန်းဖြင့် တစ်ရက်လျှင် ၂ ကြိမ်စားသုံးခဲ့မည် ဆိုပါက ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၃ ခုနှစ်၊ ဇွန်လအထိ ဆန်ဝယ်လိုအားမှာ ၁၉,၀၀၀ တန် ရှိရာမှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် တန်ချိန် ၃၁,၀၀၀ များပြား လာနိုင်ပြီး တန်ချိန် ၅၁,၀၀၀ အထိ ရှိလာနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ကြောင်း ဖော်ပြထားပါသည်။

လက်ရှိတွင် ဆန်သိုလှောင်ထားမှုပမာဏမှာ ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရေး အတွက် အလုံအလောက်ရှိကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ထွက်ရှိသည့် ဆန်မှာလည်း ဇူလိုင်လမှ စတင်၍ ဈေးကွက်အတွင်း ဝင်ရောက်နေပြီ ဖြစ်သည့်အတွက် ဆန်ပြတ်လပ်မှုများ ရှိနိုင်မည်မဟုတ် ကြောင်း ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ ပြောကြားထားကြောင်း ဖော်ပြထားပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို
Source: The Nippon

.......................................................................................................................

## မလေးရှားနိုင်ငံမှ ပထမအသုတ် ဒူးရင်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်လာ

မလေးရှားနိုင်ငံမှ ဒူးရင်းသီး စုစုပေါင်း (၁၅)တန်သည် ပထမဆုံးအသုတ်အဖြစ် တရုတ်နိုင်ငံ အလယ်ပိုင်း ဟဲနန်ပြည်နယ်၊ မြို့တော် ကျန်းကျိုးသို့ ရောက်ရှိလာခဲ့ကြောင်း သိရှိရပါသည်။ ဒူးရင်း သီးများကို Zhengzhou Xinzheng International Airport မှ အအေးခန်းထောက်ပံ့ ပို့ဆောင်ရေးစနစ်ကို အသုံးပြု၍ ပေကျင်း၊ ရှန်ဟိုင်း၊ ရှန်ကျန်း၊ ရှမန်နှင့် ရှန်းယန်အပါအဝင် မြို့ကြီး များသို့ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Black Thorn နှင့် Musang King ကဲ့သို့သော အမျိုးအစား (၁၀)မျိုးအပါအဝင် မလေးရှား ဒူးရင်းသီးများကို မလေးရှားကုမ္ပဏီ(၉)ခုမှ တင်ပို့ရောင်းချခြင်းဖြစ်ပြီး Zhengzhou လေဆိပ် အကောက်ခွန်ဌာနသည် ကုန်ပစ္စည်းဆိုက်ရောက်ချိန်တွင် စစ်ဆေးမှုမြန်ဆန်စေရန်နှင့် အကောက် ခွန် ရှင်းလင်းမှုလွယ်ကူစေရန် အအေးခန်းလိုအပ်သည့်ကုန်စည်များအတွက် ''green channel' ကို ဆောင်ရွက်ပေးထားကြောင်း သိရှိရပါသည်။

လက်ရှိတွင် ကျန်းကျိုးမြို့နှင့် ကွာလာလမ်ပူတို့အကြား ဒူးရင်းသီးများ သယ်ယူပို့ဆောင်ရန် လေကြောင်းခရီးကို B737-800 ကုန်တင်လေယာဉ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး နေ့ချင်းပြန်ခရီး စဉ်များကို လိုက်လျောညီထွေစီစဉ်ပေးထားကြောင်းနှင့် မြို့နှစ်မြို့အကြား တိုက်ရိုက်လေကြောင်း ခရီးစဉ်သည် (၅)နာရီသာ ကြာမြင့်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://english.news.cn/20240825/e782d6dfc7a040f289a6f88d4de364dd/c.html

## တရုတ်နိုင်ငံသည် ကမ္ဘာ့ကော်ဖီလုပ်ငန်းတွင် ထွန်းသစ်စကြယ်တစ်ပွင့်ဖြစ်လာ

တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ပြီး နိုင်ငံတကာ ကော်ဖီဈေးကွက်တွင် အလားအလာကောင်းသောနိုင်ငံဖြစ်လာကြောင်း သိရှိရပါသည်။

နိုင်ငံတကာကော်ဖီအဖွဲ့၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကော်ဖီဝယ်လိုအားသည် တစ်နှစ်ထက်တစ်နှစ် (၁၅) ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ၌ ကော်ဖီဆိုင်အရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် (၅၈)ရာခိုင်နှုန်းတိုးလာပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံကို ကျော်တက်၍ ကမ္ဘာပေါ်တွင် နာမည်ကြီးအမှတ်တံဆိပ် ကော်ဖီဆိုင်အများဆုံးရှိသည့်နိုင်ငံဖြစ်လာကြောင်း Allegra World Coffee Portal ၏ အချက်အလက်အရ သိရှိရပါသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌ လီဟောင်က တရုတ်ကော်ဖီလုပ်ငန်းသည် ပြည်တွင်းရှိ ကော်ဖီလုပ်ငန်းကွင်းဆက်အားလုံးနှင့် ချိတ်ဆက်ထားကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြည်ပမှ အရည်အသွေးမြင့်ကော်ဖီမျိုးကွဲများနှင့်ပေါင်းစပ်၍ ပိုမိုကောင်းမွန်သော ပြည်တွင်းကော်ဖီမျိုးများကို ထုတ်လုပ်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် ကော်ဖီစိုက်ခင်းများတွင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို အသုံးပြုပြီး ကော်ဖီအထွက်နှုန်းနှင့် အရည်အသွေးကို မြှင့်တင်လျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကော်ဖီပြုပြင်ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် ကာဗွန်ထုတ်လွှတ်နည်းသောနည်းပညာများကို အသုံးပြုမှုမြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပြီး ကော်ဖီပြုပြင်ထုတ်လုပ်ခြင်း၏ အစောပိုင်းအဆင့်များတွင် လေထုညစ်ညမ်းမှုကို လျော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ဥပမာအားဖြင့် Yunnan Agricultural University သည် ရေမလိုဘဲ ကော်ဖီစေ့အခွံကို ဖယ်ရှားခြင်းနှင့် micro-water degumming ပါဝင်သော အလိုအလျောက် ထုတ်လုပ်မှုလိုင်းကို တီထွင်ခဲ့ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရေသုံးစွဲမှု လျှော့ချနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ယူနန်ပြည်နယ်၊ Baoshan မြို့ရှိ Xinzhai ရွာသည် ကော်ဖီခြံများ၊ ကျေးရွာကော်မတီများ၊ သက်ဆိုင်ရာသုတေသနအဖွဲ့အစည်းများ၊ သမဝါယမအသင်းများနှင့် လယ်သမားများပူးပေါင်းဆောင်ရွက်သည့် "ကော်ဖီမြေ+" ပုံစံကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၎င်းသည် ကော်ဖီ

Agribusiness & Trade

စိုက်ပျိုးသူများအား နည်းပညာအသစ်များ ဖြန့်ဝေပေးခြင်း၊ သုတေသနရလဒ်အသစ်များကို စီးပွားဖြစ်ထုတ်လုပ်ခြင်းနှင့် စားသုံးသူများအား "ကော်ဖီစေ့မှ ကော်ဖီခွက်အဖြစ်" တစ်နေရာတည်းတွင် ရနိုင်သည့် ကော်ဖီယဉ်ကျေးမှု၏ အတွေ့အကြုံသစ်ကို ရရှိခံစားနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤပုံစံသည် ကော်ဖီစိုက်ပျိုးသူများအတွက် ဝင်ငွေတိုးစေရုံသာမက ကျေးလက်လုပ်ငန်းများကိုပါ အထောက်အကူပြုကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ကြီးမားသောပြည်တွင်းဈေးကွက်ကြောင့်ဖြစ်ကြောင်း၊ တရုတ်လူငယ်များ၏ ကြိုက်နှစ်သက်မှုပြောင်းလဲလာခြင်းနှင့် သောက်သုံးနိုင်စွမ်းနှင့် ကော်ဖီထုတ်ကုန်အသစ်များ အဆက်မပြတ် ထွက်ရှိခြင်းတို့သည် ဈေးကွက်အခွင့်အလမ်းသစ်များကို ဖန်တီးပေးလျက်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံသည် ကော်ဖီနှင့်ပတ်သက်သည့် နည်းပညာများတွင် ဆန်းသစ်တီထွင်နိုင်စွမ်းကို စဉ်ဆက်မပြတ် အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ကော်ဖီမျိုးအသစ်များ စမ်းသပ်မှု၊ ကော်ဖီစေ့ထုတ်လုပ်မှုနှင့် ထုတ်ကုန်ဆန်းသစ်တီထွင်မှုတို့တွင် အရှိန်အဟုန်ဖြင့် တိုးတက်လာပြီး တရုတ်ကော်ဖီလုပ်ငန်း တိုးတက်မှုအတွက် ခိုင်မာသောအခြေခံအုတ်မြစ်ဖြစ်ကြောင်း လီက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။ ကော်ဖီလုပ်ငန်းများသည် ဖြန့်ဖြူးရောင်းချမှု လမ်းကြောင်းများကို တိုးချဲ့ရန်အတွက် အကြံဉာဏ်သစ်များဖော်ထုတ်ပြီး ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများကို မြှင့်တင်ပေးနေကြောင်း သိရှိရပါသည်။

ကော်ဖီနှင့်ပတ်သက်သောအဖွဲ့အစည်းများနှင့် ကမ္ဘာတစ်ဝန်းရှိ နာမည်ကြီးလုပ်ငန်းကြီးများသည် တရုတ်ဈေးကွက်၏ အလားအလာအပေါ် အကောင်းမြင်ကြပြီး ပုံစံအမျိုးမျိုးဖြင့် ပေါ်ပေါက်လာသော ကော်ဖီဆိုင်များ၊ အမှတ်တံဆိပ်နှင့် ထုတ်ကုန်အသစ်များ မိတ်ဆက်ခြင်းသည် တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးသည့်ယဉ်ကျေးမှုကို မြှင့်တင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

နိုင်ငံတကာကုန်သွယ်မှုများ ပိုမိုအဆင်ပြေချောမွေ့လာပြီး ကော်ဖီစေ့ကုန်ကြမ်း အမြောက်အမြားကို လမ်းကြောင်းအမျိုးမျိုးမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်သွင်းလာခြင်းကလည်း ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသည့်အထောက်အပံ့စေကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံရှိ ကော်ဖီစိုက်ပျိုးသောဒေသများသည် သဘာဝအရ အကျိုးကျေးဇူးများ ရရှိကြကြောင်း၊ အထူးသဖြင့် ယူနန်ပြည်နယ်သည် နိုင်ငံ၏ ကော်ဖီစိုက်ပျိုးဧရိယာ၏ (၉၈)ရာခိုင်နှုန်းကျော်ရှိပြီး ကော်ဖီအထွက်နှုန်း၏ (၉၈)ရာခိုင်နှုန်းကျော်ရှိကြောင်း ၂၀၂၃ ခုနှစ်ထုတ် ယူနန်ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် အစီရင်ခံစာအရ သိရသည်။

Agribusiness & Trade

သို့သော်လည်း တရုတ်ကော်ဖီလုပ်ငန်းသည် နိုင်ငံရပ်ခြားရှိ ကော်ဖီဆိုင်များနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတားအဆီးများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကော်ဖီမျိုးကွဲအများစုကို တင်သွင်းနေရဆဲဖြစ်ပြီး တရုတ်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြုပြင်ထုတ်လုပ်သည့်နည်းပညာများသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကွာဟချက်တစ်ခု ရှိနေသေးကြောင်း၊ ထို့အပြင် တရုတ်ကော်ဖီလုပ်ငန်း၏ အမှတ်တံဆိပ်နှင့် ဈေးကွက်ချဲ့ထွင်မှုစွမ်းရည်ကိုလည်း မြှင့်တင်ရန် လိုအပ်နေသေးကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်တွင် ထုတ်ကုန်များကို ဒေသကြိုက်အရသာ ပြင်ဆင်ခြင်း၊ ဆန်းသစ်သော အရသာပေါင်းစပ်ဖန်တီးမှုများနှင့် တရုတ်စတိုင်လ်ဆန်းသစ်တီထွင်မှုများကို မိတ်ဆက်ခြင်းဖြင့် ကြီးမားသော အလားအလာများရှိလာကြောင်း ကျွမ်းကျင်သူက ပြောကြားခဲ့သည်။

အနာဂတ်တွင် တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် စားသုံးသူများ၏ လိုအပ်ချက်များကို ပိုမိုအလေးပေးကာ တန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ အစိတ်အပိုင်းအားလုံးကို ပေါင်းစပ်သင့်ကြောင်း၊ ဈေးကွက်တစ်ခုလုံးကို ချဲ့ထွင်ခြင်းဖြင့် ကော်ဖီလုပ်ငန်းစုသည် တဖြည်းဖြည်း အရည်အသွေး မြင့်မားပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: en.people.cn/n3/2024/0822/c90000-20209202.html

## တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂမှ တင်သွင်းလာသော နို့ထွက်ပစ္စည်းများအပေါ် anti-subsidy ဆိုင်ရာစုံစမ်းစစ်ဆေးမှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများနှင့်အညီ ပြုလုပ်မည်

တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂမှ တင်သွင်းလာသော နို့ထွက်ပစ္စည်းများအပေါ် anti-subsidy ဆိုင်ရာစုံစမ်းစစ်ဆေးမှုကို တရုတ်နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရပါသည်။

၂၂-၈-၂၀၂၄ ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ He Yadong က တရုတ်ပြည်တွင်းရှိ လုပ်ငန်းများ၏ လျှောက်ထားချက်ကို တုံ့ပြန်သည့်အနေဖြင့် စုံစမ်းစစ်ဆေးမှုကို စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုစုံစမ်းစစ်ဆေးမှုသည် ဥရောကော်မရှင်၏ တရုတ်နိုင်ငံထုတ် လျှပ်စစ်ယာဉ်များပေါ်တွင် ထောက်ပံ့ကူညီမှုဆန့်ကျင်ရေး စုံစမ်းစစ်ဆေးမှုနှင့် ကွဲပြားကြောင်း၊ အဘယ်ကြောင့်ဆိုသော် အီးယူ၏စုံစမ်းစစ်ဆေးမှု

သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ (သို့မဟုတ်) ဥရောပသမဂ္ဂ အတွင်းရှိလုပ်ငန်းစုက လျှောက်ထားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့ပါသည်။

ဇူလိုင်လတွင် ပြည်တွင်းနို့ထွက်ပစ္စည်းလုပ်ငန်းကိုယ်စား တရုတ်နို့ထွက်ပစ္စည်းလုပ်ငန်းအသင်းမှ တင်သွင်းသည့်လျှောက်လွှာကို တုံ့ပြန်သည့်အနေဖြင့် အီးယူမှတင်သွင်းသော နို့ထွက်ပစ္စည်းအချို့အား anti-subsidy ဆိုင်ရာစုံစမ်းစစ်ဆေးမှုကို တရုတ်နိုင်ငံမှ ၂၁-၈-၂၀၂၄ ရက်နေ့တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

သက်ဆိုင်ရာ တရုတ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် WTO စည်းမျဉ်းများအရ ပြည်တွင်းစက်မှုလုပ်ငန်းသည် ပုံမှန်ဈေးကွက်ပြိုင်ဆိုင်မှုကို ထိန်းသိမ်းကာ ၎င်းတို့၏တရားဝင်အခွင့်အရေးများကို ကာကွယ်ရန်အတွက် ကုန်သွယ်မှုကုစားခွင့်လျှောက်လွှာများကို တင်သွင်းခွင့်ရှိသည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လျှောက်ထားသူများ တင်ပြသည့် စာရွက်စာတမ်းများနှင့် သက်ဆိုင်ရာအထောက်အထားများကို ဝန်ကြီးဌာနက ပြန်လည်စိစစ်ပြီး လျှောက်လွှာတင်နိုင်သည့် အခြေအနေများနှင့် ကိုက်ညီကြောင်း ၎င်းက ထပ်မံပြောကြားခဲ့ပါသည်။

ဝန်ကြီးဌာနသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ဆုံးဖြတ်ချက်မချမီ ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဥရောပသမဂ္ဂနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်းနင်းမြို့

Source: https://english.news.cn/20240822/11e2c801a8524b9f878a767e634de437/c.html

## ကမ္ဘောဒီးယားနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမ (၇) လတွင် (၄၅.၆)ရာခိုင်နှုန်းတိုးလာ

ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်ခရီးသွားဧည့်သည် ဦးရေသည် ၂၀၂၄ ခုနှစ်၊ ပထမခုနစ်လတွင် တစ်နှစ်ထက်တစ်နှစ် (၄၅.၆)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ တရုတ်ခရီးသွား စုစုပေါင်း (၄၆၃,၉၈၀) ဦး လာရောက်ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် (၁၁၈,၄၉၈)ဦး၊ ရာခိုင်နှုန်းအားဖြင့် (၄၅.၆) ရာခိုင်နှုန်း တိုးလာသည်ဟု အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

အဆိုပါကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာမှခရီးသွားဧည့်သည် ဝင်ရောက်မှု စုစုပေါင်း (၃.၇၄)သန်းရှိသည့်အနက် တရုတ်ခရီးသွားဧည့်သည်များသည် (၁၂.၄)ရာခိုင်နှုန်းရှိကြောင်း၊ ထိုင်းနှင့် ဗီယက်နမ်ပြီးလျှင် တရုတ်သည် ကမ္ဘောဒီးယားသို့ လာရောက်သည့် တတိယမြောက်ခရီးသွားဧည့်သည် အများဆုံးနိုင်ငံဖြစ်ကြောင်း အစီရင်ခံစာအရ သိရှိရပါသည်။

ကမ္ဘောဒီးယားခရီးသွားလာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Top Sopheak က တရုတ်ခရီးသွားများ လာရောက်လည်ပတ်ခြင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသောကြောင့် ခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေလိုကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

၂၀၂၄ ကမ္ဘောဒီးယား-တရုတ် ပြည်သူချင်းဖလှယ်ရေးနှစ်သည် ကမ္ဘောဒီးယားနိုင်ငံသို့ တရုတ်ခရီးသွားများ လာရောက်ရန် ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ဖနွမ်းပင်အခြေစိုက် လွတ်လပ်သောအဖွဲ့အစည်းဖြစ်သည့် Asian Vision Institute မှ သုတေသီ Yen Samnang က People-to-People Exchange Year ၏ အကူအညီဖြင့် ကမ္ဘောဒီးယားသည် တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည်များနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

People-to-People Exchange Year သည် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အဓိကမောင်းနှင်အားဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ ခရီးသွားများသာမက တရုတ်ရင်းနှီးမြှုပ်နှံသူများကိုပါ ဆွဲဆောင်နိုင်ပြီး အလုပ်အကိုင်ဖန်တီးမှုနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စေမည်ဟု ယုံကြည်ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့ခြင်း၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေကဏ္ဍတို့အပြင် ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသည့် အဓိကမဏ္ဍိုင်လေးရပ်အနက် တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ယူနက်စကိုမှ စာရင်းသွင်းထားသော ကမ္ဘာ့အမွေအနှစ်နေရာ (၄) ခု ရှိပြီး Siem Reap ပြည်နယ် အနောက်မြောက်ပိုင်းရှိ အန်ကောရှေးဟောင်းသုတေသန ဥယျာဉ်၊ Kampong Thom ပြည်နယ် အလယ်ပိုင်းရှိ Sambor Prei Kuk ဘုရားကျောင်းဇုန်၊ Preah Vihear ဘုရားကျောင်းနှင့် အနောက်မြောက်ပိုင်း Preah Vihear ပြည်နယ်ရှိ Koh Ker ရှေးဟောင်းသုတေသနနယ်မြေတို့ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထို့အပြင် အနောက်တောင်ပိုင်းပြည်နယ်လေးခုဖြစ်သည့် Sihanoukville၊ Kampot၊ Kep နှင့် Koh Kong တို့တွင် အရှည် (၄၅၀) ကီလိုမီတာခန့်ရှိသော ကမ်းရိုးတန်းတစ်ခုရှိကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: en.people.cn/n3/2024/0823/c90000-20209398.html

## တရုတ်နိုင်ငံသည် ကနေဒါနိုင်ငံမှ လျှပ်စစ်ကားများအပေါ် သွင်းကုန်ခွန်တိုးမြှင့်ခြင်းကို ပြတ်ပြတ်သားသား ကန့်ကွက်

ကနေဒါအစိုးရသည် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများ တင်သွင်းမှုအပေါ် (၁၀၀) ရာခိုင်နှုန်း အခွန်စည်းကြပ်ရန်နှင့် တရုတ်နိုင်ငံမှတင်သွင်းသော သံမဏိနှင့် အလူမီနီယံတို့အပေါ် (၂၅) ရာခိုင်နှုန်းအခွန်စည်းကြပ်ရန် စီစဉ်ထားသည်ဟု ၂၆-၈-၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါကြေညာချက်နှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် ၎င်းတို့ကုမ္ပဏီများ၏ တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် လိုအပ်သည့်အစီအမံအားလုံးကို လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၇-၈-၂၀၂၄ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံရှိ လျှပ်စစ်ကားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းရှိသောအားသာချက်များပေါ်တွင် အခြေခံပြီး ပွင့်လင်းသောပြိုင်ဆိုင်မှု၏ ရလဒ်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အွန်လိုင်းထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကနေဒါနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများကို အခြေခံသည့် လွတ်လပ်သောကုန်သွယ်မှုနှင့် နိုင်ငံစုံကုန်သွယ်မှုစနစ်တို့ကို ပံ့ပိုးပေးရန် ပြောဆိုလျက်ရှိသော်လည်း တစ်ဖက်သတ်အကောက်ခွန်စည်းကြပ်မှုများဆောင်ရွက်သည့် နိုင်ငံအချို့နောက်ကိုလိုက်၍ ထိုစည်းမျဉ်းများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကုန်သွယ်မှုတားဆီးရေး စံနမူနာတစ်ခုဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ယင်းလုပ်ရပ်များသည် ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များ၏ တည်ငြိမ်မှုကို အဟန့်အတားဖြစ်စေမည်ဖြစ်ပြီး၊ ကမ္ဘာ့စီးပွားရေးစနစ်နှင့် ကုန်သွယ်မှုစည်းမျဉ်းများကို ပြင်း

ထန်စွာ ထိခိုက်စေမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားကိုထိခိုက်စေပြီး ကနေဒါနိုင်ငံရှိ စားသုံးသူများ၏အကျိုးကို လျော့နည်းစေမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတားဆီးရေး လှုပ်ရှားမှုများသည် ကနေဒါ၏ စိမ်းလန်းသော အသွင်ကူးပြောင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်ဟု သိရှိရပါသည်။

ထို့အပြင် ကနေဒါနိုင်ငံရှိ တရုတ်သံရုံးက တရုတ်နိုင်ငံထုတ်လျှပ်စစ်ကားများ (EVs)များအပေါ် အခွန်စည်းကြပ်ရန် ကနေဒါအစိုးရ၏ လုပ်ဆောင်ချက်အပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း ၂၆-၈-၂၀၂၄ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အဆိုပါပြောရေးဆိုခွင့်ရှိသူက တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် EV များအပေါ် ကုန်သွယ်မှုတားဆီးရေးဝါဒနှင့် နိုင်ငံရေးအရ လှုံ့ဆော်မှုအဖြစ် သွင်းကုန်ခွန် တိုးမြှင့်ရန် ကနေဒါအစိုးရ၏ဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့ပြီး အဆိုပါလုပ်ရပ်သည် WTO စည်းမျဉ်းများကို ချိုးဖောက်ရုံသာမက လွတ်လပ်သောကုန်သွယ်မှုနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည့် ကနေဒါနိုင်ငံ၏ပုံရိပ်ကို ပျက်ပြားစေသည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ လျှပ်စစ်ကားလုပ်ငန်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုသည် နည်းပညာများကို အစဉ်ဆန်းသစ်တီထွင်မှု၊ စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များ ခိုင်မာစွာတည်ဆောက်ထားမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုတို့ကြောင့်ဖြစ်သည်ဟု ၎င်းက အလေးပေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကနေဒါနိုင်ငံသည် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများအပေါ် သွင်းကုန်ခွန်ကို အောက်တိုဘာလ(၁)ရက်နေ့မှစတင်၍ (၆.၁)ရာခိုင်နှုန်းမှ (၁၀၆.၁)ရာခိုင်နှုန်းသို့ တိုးမြှင့်သွားမည်ဟု ကနေဒါဝန်ကြီးချုပ် Justin Trudeau က ၂၆-၈-၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံထုတ် သံမဏိနှင့် အလူမီနီယံ ထုတ်ကုန်များအပေါ် အခွန်စည်းကြပ်မှုကိုလည်း အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်ကာ (၂၅)ရာခိုင်နှုန်းအထိ တိုးမြှင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source:

https://www.chinadaily.com.cn/a/202408/27/WS66cd7f88a31060630b925355.html

https://www.chinadaily.com.cn/a/202408/27/WS66cd7b48a31060630b925348.html

…………………………………………………………………………………………………

Agribusiness & Trade

## တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းများကို အဟောင်းပေးအသစ်ယူသည့် အစီအစဉ်သည် စားသုံးသူဈေးကွက်ကို တွန်းအားဖြစ်စေ

တရုတ်နိုင်ငံသည် စားသုံးသူများ၏ အသုံးစရိတ်ကို လှုံ့ဆော်ရန် သိသာထင်ရှားသော တွန်းအားပေးမှုအဖြစ် ကဏ္ဍများစွာတွင် ကျယ်ပြန့်သော အဟောင်းပေးအသစ်ယူမှုမူဝါဒကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါလုပ်ဆောင်ချက်သည် မော်တော်ယာဉ်နှင့် အိမ်သုံးပစ္စည်းများမှသည် အိမ်ခြံမြေအထိ ပါဝင်ပြီး ခေတ်မီခြင်းမရှိတော့သည့် ပစ္စည်းဟောင်းများကို ပို၍အဆင့်မြင့်ပြီး ခေတ်မီသောပစ္စည်းအသစ်များဖြင့် အစားထိုးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

လူသုံးကုန်ပစ္စည်းများအတွက် အဟောင်းပေးအသစ်ယူအစီအစဉ်များသည် ကုန်ပစ္စည်းများကို အစားထိုးလဲလှယ်ရုံသာမက နည်းပညာအဆင့်မြှင့်တင်မှုများနှင့် အရည်အသွေးမြှင့်တင်မှုများကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဤအစီအစဉ်သည် အရည်အသွေးမြင့် ထုတ်ကုန်များကို ဆောင်ကြဉ်းပေးရုံသာမက စားသုံးသူဝယ်လိုအားကို လှုံ့ဆော်ပေးခြင်း၊ ပြည်တွင်းသုံးစွဲမှုကို အားကောင်းစေခြင်းနှင့် စီးပွားရေးပြန်လည်ဦးမော့လာမှုကို အားဖြည့်ပေးခြင်းများ ဖြစ်ပေါ်စေကြောင်းနှင့် ယင်းအစီအစဉ်သည် စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ တိုးတက်မှုအတွက် သိသာထင်ရှားသော အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ကျန်းစူးပြည်နယ်အရှေ့ပိုင်းတွင် နေထိုင်သူ Wu Qiang သည် အဟောင်းပေးအသစ်ယူ အစီအစဉ်မှတစ်ဆင့် ၎င်း၏ သက်တမ်း (၁၆)နှစ်ရှိ လောင်စာဆီသုံးကားကို လျှပ်စစ်ကားတစ်စီးဖြင့် အစားထိုးလဲလှယ်ခြင်းအတွက် ယွမ် (၂၀,၀၀၀) (အမေရိကန်ဒေါ်လာ ၂၈၀၃ ခန့်) ထောက်ပံ့ကြေးကို မကြာသေးမီက လက်ခံရရှိခဲ့ကြောင်း သိရှိရပါသည်။

အစပိုင်း၌ ၎င်း၏ကားဟောင်းကို အရောင်းကိုယ်စားလှယ်ထံတွင် ယွမ် (၄၀၀၀)ဖြင့် ရောင်းချရန် စဉ်းစားခဲ့ကြောင်း၊ ၎င်း၏ရွေးချယ်မှုများကို ချိန်ဆနေချိန်တွင် တရုတ်နိုင်ငံသည် ပြည်သူများအား ၎င်းတို့၏ယာဉ်ဟောင်းများကို ဖျက်သိမ်းကာ အသစ်များဝယ်ယူရန် အားပေးသည့်အနေဖြင့် ငွေကြေးမက်လုံးများ တိုးမြှင့်ပေးသည့် ထုတ်ပြန်ချက်တစ်စောင်ကို ပြီးခဲ့သည့် သီတင်းပတ်က ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ထုတ်ပြန်ချက်အရ စွမ်းအင်သစ်ခရီးသည်တင်ယာဉ်များအတွက် ထောက်ပံ့ကြေးများသည် ဧပြီလတွင် ယွမ် (၁၀,၀၀၀)သာရှိခဲ့ရာမှ ယခုအခါ ယွမ်(၂၀,၀၀၀)အထိ နှစ်ဆတိုးလာခဲ့ကြောင်း၊ လောင်စာဆီသုံးခရီးသည်တင်ယာဉ်များကို အဟောင်းပေးအသစ်ယူခြင်းအတွက် ထောက်ပံ့ကြေးများသည် ယွမ် (၇၀၀၀) မှ (၁၅၀၀၀) အထိ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

FAW-Volkswagen၊ BAIC နှင့် Chery Automobile ကဲ့သို့သော အဓိက မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများသည်လည်း ၎င်းအစီအစဉ်၌ ပါဝင်ကြပြီး အဟောင်းပေးအသစ်ယူခြင်းအတွက် ယွမ် (၆၀,၀၀၀)အထိ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရပါသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၂-၈-၂၀၂၄ ရက်နေ့အထိ မော်တော်ယာဉ်လဲလှယ်ခြင်းအတွက် ထောက်ပံ့ကြေးတောင်းခံသည့် လျှောက်လွှာပေါင်း (၆၈၀,၀၀၀)ကျော် လက်ခံရရှိထားပြီးဖြစ်ကြောင်း၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကားအစီးရေ (၃.၅)သန်းကျော်ကို ဖျက်သိမ်းခြင်း၊ ပြန်လည်ရောင်းချခြင်းများပြုလုပ်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၃၇.၄)ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရှိရပါသည်။

အိမ်သုံးပစ္စည်းကဏ္ဍတွင် အဟောင်းပေးအသစ်ယူအစီအစဉ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပေကျင်းမြို့ခံ Yu Qian သည် မကြာသေးမီက ရေခဲသေတ္တာအသစ်တစ်လုံးကို ဝယ်ယူခဲ့ကြောင်း၊ ၎င်း၏ ရေခဲသေတ္တာအဟောင်းကို အသစ်ဖြင့်လဲလှယ်ခဲ့ရာ မူလကယွမ် (၈,၉၉၉) ကျသင့်မည်ဖြစ်သော်လည်း အဟောင်းပေးအသစ်ယူငွေကြေးထောက်ပံ့မှုနှင့် ဆိုင်၏ အမျိုးမျိုးသောလျှော့ဈေးများကြောင့် ယွမ် (၇၀၂၀)သာ ကျသင့်ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံရှိ အဓိကအိမ်သုံးပစ္စည်းလက်လီရောင်းချသူ Suning မှ အရောင်းကြီးကြပ်ရေးမှူး Zhang Haibo က ဖောက်သည်အများအပြားကို အစိုးရထောက်ပံ့ကြေးများ၊ လျှော့ဈေးများနှင့် အမှတ်တံဆိပ်အရောင်းမြှင့်တင်မှုများအပြင် အဟောင်းပေးအသစ်ယူအစီအစဉ်ဖြင့် ဆွဲဆောင်ထားကြောင်း သိရှိရပါသည်။

Suning ၏ အချက်အလက်များအရ ၎င်း၏စားသုံးသူ (၄၀)ရာခိုင်နှုန်းနီးပါးသည် ယခုနှစ်အတွင်း လေအေးပေးစက်များ၊ အဝတ်လျှော်စက်များနှင့် မျက်နှာပြင်ကြီးမားသောတီဗီများ အပါအဝင် အိမ်သုံးပစ္စည်းအသစ်များကို အဟောင်းပေးအသစ်ယူအစီအစဉ်များမှတစ်ဆင့် ဝယ်ယူရန်ရွေးချယ်ခဲ့ကြောင်း သိရှိရပါသည်။

JD.com နှင့် Taobao ကဲ့သို့သော တရုတ်နိုင်ငံ၏ e-commerce ပလပ်ဖောင်းများသည်လည်း သုံးစွဲသူများအတွက် မတူကွဲပြားသော အဟောင်းပေးအသစ်ယူအစီအစဉ်များကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ Macroeconomic Research အကယ်ဒမီမှ Wu Sa က လူဦးရေများပြားသော တရုတ်နိုင်ငံသည် တာရှည်ခံကုန်ပစ္စည်းများအတွက် ဈေးကွက်ကြီးမားသဖြင့် အစားထိုးလဲလှယ်သည့်ဈေးကွက်သည်လည်း သိသာထင်ရှားသော အလားအလာများရှိနေကြောင်း၊ မော်တော်

Agribusiness & Trade

ယာဉ်ဟောင်းများနှင့် အိမ်သုံးပစ္စည်းများကို အစားထိုးလဲလှယ်သည့် ဈေးကွက်သည် ယွမ်(၁) ထရီလီယံ ကျော်လွန်သွားဖွယ်ရှိကြောင်း သိရှိရပါသည်။

အိမ်ခြံမြေကဏ္ဍတွင်လည်း အဟောင်းပေးအသစ်ယူအစီအစဉ်ကို လုပ်ဆောင်ခဲ့ပြီး မြို့ပေါင်း (၁၀၀)ကျော်တွင် အိမ်ပိုင်ရှင်များအား ထပ်ဆောင်းပေးငွေဖြင့် အိမ်ရာအဟောင်းများကို အသစ်ဖြင့် လဲလှယ်ရန် တိုက်တွန်းအားပေးလျက်ရှိကြောင်း၊ ဤအစီအစဉ်အရ ယန်စီမြစ်ဝကျွန်း ပေါ်ဒေသ တွင် မြို့အချင်းချင်းအကြား အိမ်ရာများ အဟောင်းပေးအသစ်ယူခြင်းကို ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

ဤအစီအစဥ်သစ်အရ အိမ်ပိုင်ရှင်များသည် Wuxi မြို့အတွင်း၌သာမက အနီးနားရှိ Suzhou မြို့နှင့် Changzhou မြို့များရှိ ကြိုတင်စနစ်ဖြင့် ပိုင်ဆိုင်ထားသော လူနေအိမ်ရာများကို Wuxi မြို့၏ Liangxi ခရိုင်ရှိ အိမ်ရာအသစ်များ၌ အဟောင်းပေးအသစ်ယူခြင်းကို ပြုလုပ်နိုင်ကြောင်း သိရှိရပါသည်။

Wuxi မြို့တွင် အလုပ်လုပ်သော်လည်း Suzhou မြို့တွင် အိမ်ပိုင်ဆိုင်သူ Guo Feng သည် ယခုအစီအစဉ်ကြောင့် Suzhou မြို့ရှိ သူ၏အိမ်ကို Wuxi မြို့ရှိ အိမ်ခန်းအသစ်တစ်ခုနှင့် လဲလှယ်နိုင်ကြောင်း သိရှိရပါသည်။ လက်ရှိတွင် ဤအဟောင်းပေးအသစ်ယူအစီအစဉ်အရ အရောင်းအဝယ်ပေါင်း (၁၄၀)နီးပါး ဖြစ်မြောက်ခဲ့ကြောင်း သိရှိရပါသည်။

ဤအစီအစဉ်သည် အဆင့်မြင့်ပြီး ဂေဟစနစ်နှင့်သဟဇာတဖြစ်၍ ပုဂ္ဂိုလ်ရေးသီးသန့် ရွေးချယ်မှုများအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး စားသုံးသူများ၏ ဝယ်ယူမှုပုံစံသည် အရည်အသွေးနှင့် ဆန်းသစ်တီထွင်မှုဆီသို့ ပြောင်းလဲသွားသည်ဟု ကျွမ်းကျင်သူများက ယုံကြည်ကြကြောင်း သိရှိရပါသည်။

ပြည်တွင်းသုံးစွဲမှုသည် GDP တိုးတက်မှုအတွက် အဓိကကျသည့် အစိတ်အပိုင်းတစ်ခုဖြစ်ရာ ယခုအဟောင်းပေးအသစ်ယူအစီအစဉ်သည်လည်း ပြည်သူများ၏ သုံးစွဲမှုကိုမြှင့်တင်ခြင်းမှ တစ်ဆင့် နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန်နှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်အစိုးရ၏ ဆောင်ရွက်ချက်များအနက်မှတစ်ခုဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20240824/05f3a71e0faf42c7a2a9b11f9ca0e3b4/c.html

………………………………………………………………………………………………

Agribusiness & Trade

## တရုတ်နိုင်ငံသည် လျှပ်စစ်မော်တော်ယာဉ်(EV)အပေါ် ဥရောပသမဂ္ဂ၏ အခွန်စည်းကြပ်မှုကို ပြတ်ပြတ်သားသား ဆန့်ကျင်

တရုတ်နိုင်ငံမှ လျှပ်စစ်ကားများတင်သွင်းမှုအပေါ် countervailing duties များ စည်းကြပ်မည့် ဥရောပသမဂ္ဂ၏ အစီအစဉ်သည် ဥရောပတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို အားနည်းစေပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိသောစက်မှုလုပ်ငန်း တိုးတက်မှုကို နှောင့်နှေးစေဖွယ်ရှိကြောင်း ဈေးကွက်စောင့်ကြည့်သူများနှင့် စက်မှုလုပ်ငန်းခေါင်းဆောင်များက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဥရောပကော်မရှင်သည် တရုတ်နိုင်ငံမှ ထုတ်လုပ်သော EV ကားများပေါ်တွင် သွင်းကုန်ခွန် (၃၆.၃)ရာခိုင်နှုန်းအထိ စည်းကြပ်ရန် စီစဉ်ထားပြီး အရေးယူဆောင်ရွက်မှုသည် (၅)နှစ်သက်တမ်းရှိမည်ဖြစ်ကြောင်းနှင့် နောက်ဆုံး ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

အီးယူ၏ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ တရုတ်ကုမ္ပဏီများ၏ တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် လိုအပ်သည့်အစီအမံများအားလုံးကို လုပ်ဆောင်မည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကတိပြုခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံ၏ နို့ထွက်ပစ္စည်း လုပ်ငန်းများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အီးယူအဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းလာသည့် အချို့သော နို့ထွက်ပစ္စည်းများကို တရုတ်နိုင်ငံမှ Anti-subsidy ဆိုင်ရာစုံစမ်းစစ်ဆေးမှုကို စတင်သွားမည်ဟု ဝန်ကြီးဌာနက တန်ပြန်ကြေညာခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနသည် လျှောက်ထားသူများ၏ အချက်အလက်များ၊ စုံစမ်းစစ်ဆေးမည့် ထုတ်ကုန်များနှင့် ပြည်တွင်းစက်မှုလုပ်ငန်းအပေါ် ၎င်းထုတ်ကုန်များ၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

လျှပ်စစ်ကားများအပေါ် အခွန်စည်းကြပ်မှု ဆုံးဖြတ်ချက်သည် နှစ်ဦးနှစ်ဖက် အသိအမှတ်ပြုသည့်အချက်များထက် အီးယူဘက်က တစ်ဖက်သတ်ဆုံးဖြတ်ထားသည့် အချက်အလက်များအပေါ် အခြေခံထားကြောင်း၊ တရုတ်က ၎င်းကို ပြတ်ပြတ်သားသားကန့်ကွက်ပြီး အဆိုပါ လုပ်ဆောင်ချက်နှင့်ပတ်သက်၍ အလွန်စိုးရိမ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အွန်လိုင်းထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဇွန်လကုန်မှစတင်၍ တရုတ်နှင့် အီးယူတို့သည် လျှပ်စစ်ကားပြဿနာနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှု (၁၀)ကြိမ်ကျော် ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရှိရပါသည်။ တရုတ်အစိုးရ၊ အသင်းအဖွဲ့များနှင့် လျှပ်စစ်ကားထုတ်လုပ်သူများသည် ဇူလိုင်လအစောပိုင်းက

Agribusiness & Trade

တည်းက ဥရောပကော်မရှင်နှင့် ဆက်သွယ်ညှိနှိုင်းရန် ကြိုးပမ်းခဲ့သော်လည်း ဥရောပကော်မရှင်သည် တရုတ်ကားထုတ်လုပ်သူများအပေါ် မူလအဆိုပြုထားသော သွင်းကုန်ခွန်ကို ဆက်လက်ထားရှိခဲ့ကြောင်း သိရှိရပါသည်။

စပိန်၊ ပြင်သစ်၊ အီတလီနှင့် ပိုလန်တို့ကဲ့သို့ ဥရောပနိုင်ငံအများအပြားသည် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် စိတ်အားထက်သန်နေကြသော်လည်း ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်သည် တရုတ်ရင်းနှီးမြှုပ်နှံသူများအကြား ဈေးကွက်နှင့် မူဝါဒရေးရာပိုင်းတွင် စိုးရိမ်ပူပန်မှုများ တိုးလာစေမည်ဖြစ်ကြောင်း China Chamber of Commerce for Import and Export of Machinery and Electronic Products (CCCME) ၏ ဒုတိယဥက္ကဋ္ဌ Shi Yonghong က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အထူးသဖြင့် EV ကုမ္ပဏီများ၊ ပါဝါဘက်ထရီနှင့် မော်တော်ယာဉ်အစိတ်အပိုင်းလုပ်ငန်းများတွင် တရုတ်ကုမ္ပဏီများ၏ အနာဂတ်ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံမှ ကားထုတ်လုပ်သူ BYD သည် ယခုနှစ်တွင် ဥရောပရှိ အခြားနေရာများတွင် ရင်းနှီးမြှုပ်နှံခြင်းထက် တူကီယဲနိုင်ငံတွင် စက်ရုံတည်ဆောက်ရန် အမေရိကန်ဒေါ်လာ (၁)ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း တူကီယဲစက်မှုနှင့် နည်းပညာဝန်ကြီးဌာနမှ ဇူလိုင်လအစောပိုင်းတွင် ထုတ်ပြန်သည့်အချက်အလက်များအရ သိရှိရကြောင်းနှင့် စက်ရုံသည် နှစ်စဉ်ကားအစီးရေ (၁၅၀,၀၀၀) ထုတ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တူကီယဲနိုင်ငံ၏ EU Customs Union တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခြင်းသည် ၎င်းတို့ထုတ်လုပ်သော မော်တော်ယာဉ်များကို အခွန်အခများမပေးဘဲ အီးယူနိုင်ငံများသို့ တင်ပို့နိုင်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။

Brussels အခြေစိုက် Electromobility for European Association ၏ ဥက္ကဋ္ဌ Maciej Mazur က တရုတ် EV များအပေါ် အီးယူ၏ စည်းကြပ်ခွန်များ ကောက်ခံခြင်းသည် ဥရောပ၌ EV ဈေးနှုန်းများ မြင့်တက်စေကာ ဥရောပသုံးစွဲသူများနှင့် ကားထုတ်လုပ်သူများကို ထိခိုက်စေပြီး တရုတ်နှင့် အီးယူစီးပွားဆက်ဆံရေးတွင် သဘောထားကွဲလွဲမှုများ ဖြစ်စေမည်ဖြစ်ကြောင်း ဇူလိုင်လနှောင်းပိုင်းတွင် ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://www.chinadaily.com.cn/a/202408/22/WS66c67708a31060630b 92447a.html